စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး
သာယာဝတီခရိုင်၊မင်းလှမြို့နယ်

# မိုးစပါးတွင် တောင်သူများပူးပေါင်းပါဝင်ဆောင်ရွက်သော မျိုးစေ့ထုတ်စံပြကွက် စိုက်ပျိုးခြင်းတင်ပြချက်








ဒေါ်နော်ပုလဲခိုင်
ဒု-ဦးစီးမှူး
စင/၃၂၁၁၉

# ဒေသဆိုင်ရာအချက်အလက်

## မင်းလှမြို့နယ်၏ တည်နေရာနှင့်အကျယ်အဝန်း




- အရှေ့လောင်ဂျီတွဒ် - ၉၅ ဒီဂရီ ၃၂ မိနစ်မှ ၉၆ ဒီဂရီ ၀၈ မိနစ်
- မြောက်လတ္တီတွဒ် - ၁၇ ဒီဂရီ ၅၂ မိနစ်မှ ၁၈ ဒီဂရီ ၁၀ မိနစ်
- ပင်လယ်ရေမျက်နှာပြင်အထက် - ၇၆ ပေ
- အကျယ်အဝန်း - ၂၅၈.၃၁ စတုရန်းမိုင်
- မြောက်ဘက်တွင် - အုတ်ဖိုမြို့နယ်
- တောင်ဘက်တွင် - လက်ပံတန်းမြို့နယ်
- အရှေ့ဘက်တွင် - ကျောက်တံခါးမြို့နယ်
- အနောက်ဘက်တွင် - မိုးညိုမြို့နယ်
- မြို့နယ်/မြို့ - (၁)မြို့နယ်၊ (၂)မြို့
- မြို့ပေါ်ရပ်ကွက် - (၁၂)ရပ်ကွက်
- ကျေးရွာအုပ်စုပေါင်း - (၅၄)အုပ်စု
- ကျေးရွာပေါင်း - (၂၄၇)ရွာ
- အိမ်ခြေပေါင်း - (၃၂၂၀၈)အိမ်
- လူဦးရေပေါင်း - (၁၂၉၄၇၈)ဦး
- မြေယာတည်ရှိမှု - ၁၆၅၃၂၀

# နိဒါန်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၏ ၂၀၂၃- ခုနှစ် မိုးစပါးရာသီတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို စပါးစိုက်တောင်သူများ လွယ်ကူသက်သာစွာ ရရှိသုံးစွဲနိုင်စေရန်နှင့် ကိုယ့်မျိုးကိုယ်ထားပွားများသုံးစွဲခဲ့ရသည့်အဆင့်မှ လိုအပ်သည့်အချိန်တွင် ဒေသတွင်းမျိုးစေ့လိုအပ်ချက်များဖြည့်စွမ်းနိုင်ပြီး တောင်သူများဝင်ငွေပိုမိုရရှိလာစေရန်၊ ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက်တင်မက အထွက်နှုန်းတိုးတက်ရေး သီးထပ်စိုက်ကေများတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန် စီမံခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အထွက်နှုန်းကောင်းခြင်း၊ ဆန်အရည်အသွေးကောင်းမွန်ခြင်း၊ ပြည်ပပို့ကုန်အရည်အသွေးပြည့်မီခြင်းတို့အပြင် သက်တမ်းတို၍ တစ်နှစ်နှစ်သီး၊ သုံးသီး စိုက်ပျိုးနိုင်သော အထွက်ကောင်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။

သက်လျှင်အထွက်ကောင်းစပါးမျိုးလိုအပ်ချက်ကို လျင်မြန်စွာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ရက်-၉၀ စပါးမျိုးအား မျိုးရိုးဗီဇမှန်ကန်၍ ကျန်းမာသန်စွမ်းသောအနှံများ စုဆောင်းရယူ၍ တောင်သူများပူးပေါင်း ပါဝင်သော မျိုးစေ့ထုတ်လုပ်ခြင်းအစီအစဉ်ဖြင့် မျိုးသန့်ပွားမျိုးစေ့ထုတ်လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

# ရည်ရွယ်ချက်

- မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးလုပ်ငန်းကို ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အခြေခံမျိုးများကို စဉ်ဆက်မပြတ် သုတေသနရှာဖွေဖော်ထုတ်ရန်၊
- မျိုးသန့်အဆင့်ဆင့် စနစ်တကျပွားများထုတ်လုပ်ရာတွင် သက်ဆိုင်ရာတောင်သူလယ်သမားများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပါဝင်လာစေရန်၊
- တောင်သူကြိုက်နှစ်သက်သော အထွက်ကောင်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးလာနိုင်စေရန်၊
- သီးထပ်စိုက်ဧရိယာများ တိုးတက်စိုက်ပျိုးနိုင်ရေးတွင် သက်တမ်းတိုစပါးမျိုးများကို ရွေးချယ်စိုက်ပျိုးနိုင်ခြင်းဖြင့် သီးနှံစိုက်စွမ်းအားမြင့်မားလာစေရန်၊

# ဆောင်ရွက်ရသည့်အကြောင်းအရာ

- စံချိန်စံညွှန်းပြည့်မီသော သီးနှံမျိုးကောင်း၊ မျိုးသန့်ပွားများထုတ်လုပ်ရာတွင် တောင်သူကိုယ်တိုင်နည်းစနစ်တကျ လိုက်နာဆောင်ရွက်နိုင်ရေး ပညာပေးရန်၊
- တောင်သူများသည် မိမိစိုက်ပျိုးမည့်မျိုးအတွက် အခြားမျိုးစေ့ထုတ်ကုမ္ပဏီများ ၊ အစုအဖွဲ့များမှ ဝယ်ယူစိုက်ပျိုးနေရခြင်းမှ လျော့နည်းစေရန်၊
- မိမိတို့ဒေသအတွင်း သီးထပ်စိုက်ဧရိယာများတိုးချဲ့စိုက်ပျိုးရာတွင် သက်လျင်အထွက်ကောင်းမျိုးစပါး လိုအပ်ချက်ကို လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်၊
- တောင်သူကြိုက်နှစ်သက်သော အထွက်ကောင်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးလာနိုင်ရန် နွေစပါးရာသီ၌ စိုက်ပျိုးထားရှိသော ရက်-၉၀ စပါးမျိုး မှန်ကန်သည့် တကွင်းတစပ်တည်းမှ ကျန်းမာသန်စွမ်းသည့်အနှံများကို ရွေးချယ်စုဆောင်းပြီး မိုးရာသီတွင် နမူနာထား၍ စိုက်ပျိုးဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

# တောင်သူများပူးပေါင်းပါဝင်ဆောင်ရွက်သော မျိုးစေ့ထုတ်စံပြကွက် ဆောင်ရွက်မှု

- မြို့နယ်အမည် - မင်းလှ
- ကျေးရွာအုပ်စုအမည် - ဝက်လှကြီး
- တောင်သူအမည် - ဦးထွန်းဇော်
- ကွင်းအမှတ် - ၁၁၀၅
- ဦးပိုင်အမှတ် - ၄၈
- စပါးမျိုးကွဲအမည် - ရက်-၉၀
- ပျိုးထောင်ရက် - ၂၈.၆.၂၀၂၃
- ရွှေ့ပြောင်းစိုက်ပျိုးရက် - ၁၁.၇.၂၀၂၃
- စိုက်ဧက - ၅.၀၀
- တစ်ဧကစာအန့် - ၂၀၀၀
- (၅)ဧကစာအန့် - ၁၀၀၀၀

# တောင်သူများပူးပေါင်းပါဝင်ဆောင်ရွက်သော မျိုးသန့်ပွားစံပြကွက် ဆောင်ရွက်မှု

- ၅၀% ပန်းပွင့်စုံသည့်နေ့ - ၂၉.၈.၂၀၂၃
- ၅၀% ပန်းပွင့်ရက်
  (တဝက်ခန့်အနှံထွက်ရက်) - ၆၂ရက်
- ရိတ်သိမ်းရက် - ၅.၁၀.၂၀၂၃
- အသက်ရက် - ၉၄ ရက်
- တစ်ဧကအထွက်နှုန်း - ၉၆.၂၅တင်း
- အထွက်တင်းပေါင်း - ၄၈၁တင်း

# အနှံရွေးချယ်ခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းနှင့်မျိုးကွဲနှုတ်ပယ်ခြင်း လုပ်ငန်းဆောင်ရွက်မှု

မျိုးအနှံစုဆောင်းရန်အတွက် ၂၀၂၂- ခုနှစ် နွေစပါး ရက်-၉၀ စပါးမျိုးစိုက်ခင်းများမှ မျိုးမှန်ကန်မှု ရှိ၊ မရှိကို ဝန်ထမ်းများ၊ စိုက်ခင်းရှင်တောင်သူနှင့် တောင်သူများမှပါဝင်၍ ရက်- ၉၀ စပါးမျိုး၏ လက္ခဏာအချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးကာ မျိုးမှန်ကန်သည့်စိုက်ခင်းကို အနှံမျိုးရယူ၍လက်တွေ့ပြသရင်း နည်းပညာများပေးကာ မိုးရာသီတွင် အောင်မြင်စွာဆောင်ရွက်ရန် စုဆောင်းခဲ့ပါသည်။

စိုက်ပျိုးရာတွင် မျိုးစေ့ဆောင်ရောဂါ၊ နီမတုတ်ရောဂါနှင့် ဘက်တီးရီးယားရောဂါများ ကာကွယ်နိုင်ရန်အတွက် အောင်မြင်ပြည့်ဖြိုးသော မျိုးစေ့များကိုရွေးချယ်၍ မျိုးစေ့ဆားရည်စိမ်ပြီး ဘောင်ပျိုးစနစ်ဖြင့် ပျိုးထောင်ခဲ့ပါသည်။ စိုက်ခင်းမြေမျက်နှာပြင်ညီညာအောင်ပြုလုပ်ပြီး လက်ဆ(၁-၂)နှုန်းဖြင့် အကွာအဝေး ပင်ကြား (၈) လက်မ၊ တန်းကြား (၈) လက်မထား စိုက်ပျိုးခဲ့ပါသည်။

# အနံ့ရွေးချယ်ခြင်း၊ ပျိုးထောင်ခြင်း၊စိုက်ပျိုးခြင်းနှင့်မျိုးကွဲနှုတ်ပယ်ခြင်း လုပ်ငန်းဆောင်ရွက်မှု

မြေခံအဖြစ် နွားချေးလှည်း(၂)စီးနှုန်း၊ ဓါတ်မြေဩဇာနှုန်းထား ယူရီးယား(၁)အိတ်/ဧက၊ ကွန်ပေါင်း(၁)အိတ်/ဧက နှုန်း ထည့်သွင်းအသုံးပြုခဲ့ပါသည်။ မျိုးကွဲနှုတ်ပယ်ချိန်တွင် ကွင်းသရုပ်ပြပွဲပြုလုပ်၍ ရက်-၉၀ မျိုး၏ လက္ခဏာအချက်အလက်များနှင့် ကိုက်ညီမှုမရှိသည့်မျိုးကွဲများအား ပညာပေးပြသ၍ နှုတ်ပယ်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ အနံ့စတင်ရွေးချယ်သည်မှ ပျိုးထောင်၊ စိုက်ပျိုး၊ ရိတ်သိမ်းချိန်အထိ တောင်သူများကိုယ်တိုင်ပါဝင်၍ နည်းစနစ်များမှန်ကန်စွာလိုက်နာဆောင်ရွက်ရန်အတွက် နည်းပညာပေးလုပ်ငန်းများလည်းပြုလုပ်ခဲ့ပါသည်။

# အကျိုးရလဒ်

- ✓ တောင်သူများကိုယ်တိုင်ပူးပေါင်းပါဝင်၍ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို စနစ်တကျလိုက်ပါ ဆောင်ရွက်နိုင်ခြင်းဖြင့် တောင်သူများမျိုးစေ့လုံလောက်မှုရရှိခဲ့ပါသည်။
- ✓ မျိုးရိုးဗီဇမှန်ကန်၍ ကျန်းမာသန်စွမ်းသည့်အနှံကိုရယူစိုက်ပျိုးထားခြင်းဖြစ်၍ မျိုးကွဲပါဝင်မှုမရှိဘဲ မျိုးသန့်စင်ခဲ့ပြီး မျိုးသန့်ပွားစိုက်ခင်းမှာ အောင်မြင်ဖြစ်ထွန်းခဲ့ပါသည်။
- ✓ မျိုးကောင်း/မျိုးသန့်များကို မိမိကိုယ်တိုင်အသုံးပြုရ၍ တောင်သူအစုအဖွဲ့အတွင်း အချင်းချင်းဖလှယ်အသုံးပြုရခြင်း၊ မျိုးစေ့ဝယ်ယူမှုတွင် ပြင်ပအရင်းအမြစ်များအပေါ် မှီခိုမှုလျော့နည်းစေပြီးတောင်သူများအတွက် ကုန်ကျစရိတ်သက်သာစေခြင်း၊
- ✓ ဒေသတွင်းမျိုးစေ့လိုအပ်ချက်ကို အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

# သုံးသပ်ချက်

- ❖ မျိုးစေ့ထုတ်စံပြကွက်ဆောင်ရွက်ခဲ့ရာတွင် တောင်သူများစိတ်ပါဝင်စားမှုရှိပြီး တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ခြင်း
- ❖ အသိပညာမျှဝေခြင်း၊ အတွေ့အကြုံ ၊ ဆန်းသစ်တီထွင်မှုများနှင့် အရင်းအမြစ်များ ဖလှယ်ခြင်းတို့ဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်း၊
- ❖ အထွက်ကောင်းစပါးမျိုးလိုအပ်ချက်ကို လျှင်မြန်စွာ ဖြည့်ဆည်းပေးနိုင်ပြီး တောင်သူများကိုယ်တိုင် အရည်အသွေးကောင်းမျိုးစေ့ကို ထုတ်လုပ်၍ အသုံးပြုစိုက်ပျိုးလာနိုင်ခြင်း၊
- ❖ အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်သော စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်လာနိုင်ခြင်းနှင့် ရေရှည်တည်တံ့သောစိုက်ပျိုးရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# အကြံပြုချက်

- တောင်သူပူးပေါင်းပါဝင်သော မျိုးသန့်ပွားမျိုးစေ့ထုတ် စံပြကွက်အား၊ စိုက်ပျိုးပြသပညာပေးဆောင်ရွက်ခဲ့ရာတွင် ဗီဇမှန်ကန်သောမျိုးအန့်များ စတင်စုဆောင်းသည်မှ ပျိုးထောင် စိုက်ပျိုး ချွေလှေ့ သန့်စင်သည်အထိ၊ လုပ်ငန်းစဉ်အဆင့်တိုင်းတွင် မျိုးစေ့ထုတ်လုပ်သည့် နည်းပညာများအတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ခြင်းဖြင့် ရေမြေဒေသရာသီဥတုနှင့်ကိုက်ညီသော အရည်အသွေးကောင်းမျိုးစေ့များကို ထုတ်လုပ်လာနိုင်ခြင်း၊
- ဒေသတွင်းအတိုင်းအတာတစ်ခုထိ မျိုးစေ့လုံလောက်မှုရှိခြင်း၊ ဝင်ငွေကောင်းမွန်ခြင်းများကြောင့် အနှံ့စုဆောင်းရယူ၍ မျိုးကောင်း/မျိုးသန့်ပွားများထုတ်လုပ်ခြင်းလုပ်ငန်းအား တောင်သူများလိုက်နာ ဆောင်ရွက်ကြပါရေး ဝိုင်းဝန်းဆောင်ရွက်ကြပါရန် အကြံပြုအပ်ပါသည်။

# နိဂုံး

မင်းလှမြို့နယ်တွင် တောင်သူများကိုယ်တိုင်ပါဝင်သော အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်လာနိုင်ရေး၊ ဝင်ငွေတိုးတက်ရေးတို့အတွက် မျိုးစေ့ထုတ်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

စပါးပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးအတွက်လည်း မျိုး၊ မြေ၊ ရေ၊ နည်းစနစ်များမှန်ကန်စွာဖြင့် စနစ်တကျစိုက်ပျိုးကြရန် နည်းပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# မျိုးစေ့ထုတ်စိုက်ခင်းစိုက်ပျိုးရန် အနှံ့ရယူမှုမှတ်တမ်းဓါတ်ပုံများ









# မြေပြုပြင်ခြင်းနှင့် ပျိုးထောင်ခြင်းမှတ်တမ်းဓါတ်ပုံများ











# စိုက်ပျိုးခြင်းနှင့်  အပင်အောင်မြင်ဖြစ်ထွန်းမှု မှတ်တမ်းဓါတ်ပုံများ









# အပင်အောင်မြင်ဖြစ်ထွန်းမှု မှတ်တမ်းဓါတ်ပုံများ







# အပင်အောင်မြင်ဖြစ်ထွန်းမှုအခြေအနေအား တောင်သူများအားခေါ်ယူပြသခြင်း မှတ်တမ်းဓါတ်ပုံများ









# မျိုးကွဲနှုတ်ပယ်ခြင်းနှင့် အနှံပြန်ယူစုဆောင်းခြင်း ၊
# စံကွက်ရိတ်သိမ်းခြင်းမှတ်တမ်းဓါတ်ပုံများ









## လမ်းညွှန်မှုခံယူအပ်ပါသည်။

ဒေါ်နော်ပုလဲခိုင်
စိုက်ပျိုးရေးဦးစီးဌာန
မင်းလှမြို့